သတင်းထုတ်ပြန်ချက်

၂၀၁၀ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့

## ရှမ်းပြည်အရှေ့ပိုင်းသို့ ချိတ်ဆက်မည့် မီးရထားလမ်းအသစ်က ပြင်းထန်သော စစ်ပွဲကြီး ဖြစ်တော့မည်ကို ပြသနေခြင်း

ရှမ်းလူ့အခွင့်အရေးလှုပ်ရှားဆောင်ရွက်နေသော အဖွဲ့များက မြန်မာစစ်အစိုးရ၏ "မိုင်းနိုင်း–ကိန်းတုန် (မိုးနဲ–ကျိုင်းတုံ) ရထားလမ်းသစ်" ဖောက်လုပ်နေခြင်းအား ဆန့်ကျင်ကန့်ကွက်သည့် လှုပ်ရှားမှုတခုကို ယနေ့စတင်လိုက်သည်။ ၎င်းရထားလမ်းသည် ရှမ်းပြည်နယ်အတွင်း မြန်မာစစ်အစိုးရ၏ စစ်ယန္တရားလက်တံ ပိုမိုတိုးချဲ့နေခြင်းသာဖြစ်ကြောင်း ၎င်းတို့က သတိပေးပြောကြားခဲ့သည်။

စစ်အစိုးရသည် ရှမ်းပြည်အရှေ့ပိုင်းသို့ ချိတ်ဆက်မည့် ၃၆၁ ကီလိုမီတာအရှည်ရှိ ရထားလမ်းသစ်ကို သံလွင်မြစ်ကိုဖြတ်၍ ဖောက်လုပ်နေရာ မျှားမကြာမီလများက ၎င်းရထားလမ်းဆောက်လုပ်ရေး အရှိန်မြှင့်ခဲ့သည်။ရထားလမ်း ဖောက်ရာလမ်းကြောင်းတလျှောက် နေထိုင်သော ဒေသခံပြည်သူများ၏လယ်မြေကေ ထောင်ချီ၍အသိမ်းခံနေရပုံများကို ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (SWAN) နှင့် ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင် (SHRF) တို့က မှတ်တမ်းတင်ထားသည်။ တိုင်တန်းသည့်လယ်သမားများအား အာဏာပိုင်များက ရထားလမ်းဖောက်သည့်လုပ်ငန်းသည် "စစ်တပ်၏ လုပ်ငန်းစီမံချက်" ဖြစ်ကြောင်း ပြောသည့်အပြင်နှင့် ထောင်ချပစ်မည်ဟုလည်း ခြိမ်းခြောက်ခဲ့ကြသည်။

စစ်အစိုးရဖောက်သည့် ၎င်းရထားလမ်းသစ်က"ဝ"ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ထိန်းချုပ်သော မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသနှစ်ခုကို စစ်ပရိယာယ်ကျကျ ပိုင်းခြားထားသည်။ အပစ်ခတ်ရပ်အဖွဲ့များအတွင်း အင်အားအကြီးဆုံးဖြစ်သော "ဝ"ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)သည် စစ်အစိုးရ၏ နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းရန် ဖိအားပေးမှုကို ခုခံတွန်းလှန်နေသော အဖွဲ့လည်းဖြစ်သည်။ စစ်အစိုးရမှ တောတောင်ထူထပ်သောဒေသအတွင်း UWSAနှင့် ၎င်း၏ မဟာမိတ်အပစ်ခတ်ရပ်အဖွဲ့များ(သို့မဟုတ်) ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) နှင့် အခြားတိုင်းရင်းသားတော်လှန်ရေးတပ်များအားထိုးစစ်ဆင်တိုက်ခိုက်လာပါက ဤရထားလမ်းသစ်အားဖြင့် လက်နက်ကြီးများနှင့် တခြားစစ်ရေးအထောက်အကူပစ္စည်းများကို လျင်မြန်စွာ သယ်ယူပို့ဆောင်စေနိုင်မည်ဖြစ်သည်။

"ဒီရထားလမ်းသစ်က ခရီးသည်တွေအတွက် မဟုတ်ပါဘူး၊ သူတို့စစ်တပ်ရဲ့ တင့်ကားတွေ တာနီးပစ်ပြောင်းတိုအမြောက်တွေအတွက်ပါ" ဟု SWAN အဖွဲ့မှ ယိင်းဟန်ဖက ဆိုသည်။

၎င်းရထားလမ်းကို ထိုင်းနိုင်ငံ၏ ကျိန်းရိုင်ဒေသနှင့်ကပ်လျှက်တည်ရှိသော မိုင်းကုတ် (မိုင်းခုတ်) ကျောက်မီးသွေးမိုင်းများကို ဖြတ်သန်းဖောက်လုပ်မည်ဖြစ်ပြီး၊ စစ်အစိုးရနှင့် ထိုင်းရင်းနှီးမြှုပ်နှံသူများသည် ၎င်းနယ်မြေမှ သက်နုကျောက်မီးသွေး တန်သန်းချီထုတ်ယူရေးနှင့် ကျောက်မီးသွေးနှင့် လျှပ်စစ်ဓါတ်အားကိုပါ ထိုင်းနိုင်ငံသို့ရောင်းစားရေးအတွက် ကျောက်မီးသွေးသုံး ဓါတ်အားထုတ်စက်ရုံတခုတည်ဆောက်ရန် စီစဉ်နေကြသည်။

"စစ်အစိုးရက ၂၀၁၀ ရွေးကောက်ပွဲကတဆင့် မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ ဖြစ်ပေါ်လာမယ်လို့ တကမ္ဘာလုံးကို ပြောနေပါတယ်။ တကယ့်လက်တွေ့မှာတော့ သူတို့တတွေက စစ်ကြီးဖြစ်လာအောင်ဘဲ စစ်ပြင်နေတာပါ။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းတိုင်းပြည်တွေအနေနဲ့ ဒီစစ်ဇုံတွေမှာ ရင်းနှီးမြှုပ်နှံသင့် မသင့်ဆိုတာကို အသေအချာစဉ်းစားပါလို့ ကျနော်သတိပေးချင်ပါတယ်။" ဟု SHRF သုတေသီ ပင်ခမ်း က ပြောပါသည်။

SWAN နှင့် SHRF မှ ၎င်း ရထားဖောက်လုပ်နေခြင်းကို ချက်ချင်းရပ်တန့်ပေးပါရန် တောင်းဆိုထားသည်။

ဆက်သွယ်ရန် ယိင်းဟန်ဖ 089 –262 7848
စိုင်းပင်ခမ်း 085 –637 5521
နန်းချန်တောင်း 081 – 603 6655

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (SWAN )
www.shanwomen.org

ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်(SHRF)
www.shanhumanrights.org